

ဘာသာပြန် စာရေးသူ – ရဲသူ

# ထူးဆန်းသော ပန်းချီကားနှင့်

အခြား သည်းထိတ်ရင်ဖို ဝတ္ထုတိုများ

# ထူးဆန်းသော ပန်းချီကားနှင့် သည်းထိတ်ရင်ဖို ဝတ္ထုတိုများ

## မာတိကာ

၁။သရဲခြောက်သော ခန်းဆီးများ

၂။ထူးဆန်းသော ပန်းချီကား

၃။ကျောင်းပုံပြင်

၄။မာတင်ရေကန်

၅။ပရီမီယံဟာမိုနီ

၆။သော့ခတ်ထားသော အခန်း

၇။အင်ဂလေးစံအိမ် ပန်းချီကား

## သရဲခြောက်သော ခန်းဆီးများ

မစ္စတာ ဂျိမ်းစ်ဒန်တန်၏ ဘဝတစ်လျှောက်လုံး အနှစ်သက်ဆုံး ဝါသနာမှာ စာအုပ်အဟောင်းများ စုဆောင်းခြင်း ဖြစ်သည် ။ ဝါသနာကြီးမား

လုခြင်းကြောင့် သူ၏ စုဆောင်းမှုသည် တစ်နှစ်ထက် တစ်နှစ် ပို၍ သာကြီးမားလာ၏။ သို့သော် သူသည် အဒေါ်လုပ်သူ၏ အိမ်တွင် ကပ်ရပ်နေထိုင်ရသူ ဖြစ်လေရာ သူ့အဒေါ်မှာ ဒန်တန်၏ ဝါသနာကို အထူးပင် မျက်စိစပါးမွေးစူးလျက် ရှိလေသည် ။

တစ်နေ့တွင် တော့ မစ္စတာဒန်တန်သည် သူနှင့်သူ့အဒေါ် ဆောက်လုပ်လျက်ရှိသော အိမ်အသစ်အတွက် ပရိဘောဂတချို့ ဝယ်ယူရန် လန်ဒန်သို့ လာခဲ့၏။

စလာတုန်းကတော့ ခန်းဆီးစများ ဝယ်ယူရန် စိတ်ကူးဖြင့် ဤလမ်းသို့ ဝင်လာခဲ့ခြင်း ဖြစ်သော်လည်း လန်ဒန်၏ အကောင်းဆုံး စာအုပ်ဆိုင်များ အနက်မှ တစ်ဆိုင်ကို ဖြတ်သန်းမိ ချိန်တွင် တော့ ဒန်တန်တစ်ယောက် စိတ်ကို မထိန်းနိုင်တော့ပဲ စာအုပ်ဆိုင် အတွင်းသို့ ဝင်မိတော့သည် ။

ဆိုင်အတွင်း ခင်းကျင်းထားသည့် အမျိုးမျိုး အဖုံဖုံသော စာအုပ်များကို လှည့်လည်ကြည့်ရှုရင်း ဝါးဝစ်ရှိုင်းယား နယ်မှ စာအုပ်များ ခေါင်းစဉ်အောက်ဝယ် စုစည်းထားသော စာအုပ်တချို့ကို ဒန်တန် သတိပြုမိလိုက်သည် ။ ထိုနယ်မှာ ဒန်တန် လာခဲ့သော နေရာဖြစ်သည် ။ နာရီဝက်ခန့် အကြာတွင် တော့ "၁၇၁၀ခုနှစ်၊ မစ္စတာပွိုင်းနား၏ ဒိုင်ယာရီ" ဟူသော စာအုပ်ကို ဝယ်ယူရန် သူ ဆုံးဖြတ်လိုက်၏။ စာအုပ် ဝယ်ယူပြီးနောက် နာရီကို ကြည့်လိုက်ရာ ဒန်တန် မျက်လုံးပြူးသွား၏။ သူ အတော်လေး နောက်ကျနေခဲ့ပေပြီ။ ထိုအခါ ဒန်တန်သည် အချိန်မဆိုင်းတော့ပဲ ဘူတာရုံသို့ သုတ်ခြေတင် ရတော့သည် ။ ရထားကို မီရုံကလေး မီလိုက်၍ တော်သေးသည် ဟု ဆိုရပေလိမ့်မည်။

ထိုနေ့ညတွင် သူ့အဒေါ်သည် ဒန်တန်အား လန်ဒန်ခရီးစဉ်နှင့် ပတ်

သက်၍ အထူးတလည် မေးမြန်းလျက် ရှိသည် ။ မကြာမီ ရောက်ရှိလာမည့် ပရိဘောဂ အသစ်များအား သူမအနေနှင့် အထူးပင် စိတ်ဝင်စားလျက် ရှိသည် မဟုတ်ပါလား။ သူ့တူကလည်း သူမကို စုံစုံစေ့စေ့ပင် ရှင်းပြလျက်ရှိသည် ။ သို့သော် သူမကား တစ်စုံတစ်ရာကို စိတ်မကျေနပ်သေးဟန်ဖြင့် မေးလိုက်သည် ။

"ဒါနဲ့ ခန်းဆီးစတွေ ကျတော့ ဘယ်လို နေသလဲကွဲ့ ဂျိမ်းစ်ရဲ့ မင်း အဲဒီကိုတော့ ရောက်ခဲ့ရဲ့ မလား"

ထိုအခါကျမှ ဒန်တန်က ထိုအကြောင်းကို သတိရလာဟန်ဖြင့် ပြောလိုက်၏။

"အိုး ဟုတ်ပေသားပဲ ဒီတစ်ခုကိုတော့ ကျွန်တော် မေ့လာခဲ့ပြီ ဒေါ်ဒေါ်ရဲ့ ခန်းဆီးတွေ ရောင်းတဲ့ ဆိုင်ကို သွားတဲ့ လမ်းပေါ်ကိုတော့ ရောက်ခဲ့ပါရဲ့ ဒေါ်ဒေါ်ရယ် ဒါပေမဲ့ လမ်းခုလတ်မှာ တင် 'ရော်ဘင်'ကို မြင်လိုက်တော့ ... "

"ရော်ဘင် စာအုပ်ဆိုင်မှ ဟုတ်ရဲ့ လားကွဲ့"

ဒန်တန်၏ အဒေါ်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည် ။

"နောက်ထပ် စိတ်ပျက်စရာ စာအုပ်တစ်အုပ် ဝယ်လာတဲ့ အကြောင်းကို ဒေါ်ဒေါ်ကို ဘာကြောင့် မပြောတာလဲကွဲ့ ဂျိမ်းစ်"

"တစ်အုပ်တည်းပါပဲ ဒေါ်ဒေါ်ရယ်"

ဂျိမ်းစ်က တောင်းပန်လိုက်သည် ။ သူ့ပုံစံမှာ အပြစ်တစ်ခု ကျူးလွန်ထားသူနှင့် တူနေ၏။

"စာအုပ်က သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ ဒေါ်ဒေါ်ရဲ့ ဒီနေရာနဲ့ သိပ်မဝေးလှတဲ့ နေရာမှာ နေသွားတဲ့ လူတစ်ယောက်ရဲ့ ဒိုင်ယာရီ စာအုပ်

ဆိုပဲဗျ"

သို့သော် သူ့စကားကို သူ့အဒေါ် နားမထောင်ကြောင်း ဒန်တန် ကောင်းစွာ မြင်တွေ့နေရ၏။

"နောက်တစ်ပတ် ကြာသပတေးနေ့မှာ လန်ဒန်ကို မင်း မသွားရ တော့ဘူး ဒေါ်ဒေါ် တကယ် ပြောတာနော် ဂျိမ်းစ် ခန်းဆီးတွေ ဝယ်ပြီးတဲ့ အချိန်ထိ မင်း အိမ်မှာ ပဲ နေရမယ်"

ကံကောင်းထောက်မစွာပင် သူ့အဒေါ်သည် ဒန်တန်ကို ဆက်လက် ဆူပူနေခြင်း မရှိတော့ပဲ စောစောစီးစီးပင် အိပ်ရာသို့ ဝင်သွားလေ၏။ ဒ န်တန်တစ်ယောက်သာ သူ့စာအုပ် အသစ်နှင့်အတူ ကျန်ရစ်ခဲ့လေသည် ။ သူသည် ချက်ချင်းပင် စာအုပ်ကို ဖွင့်ဖတ်လိုက်သည် ။ စာအုပ်သည် နေ့ စဉ်မှတ်တမ်း သဖွယ် ရေးသားထားခြင်း ဖြစ်ပြီး စိတ်ဝင်စားဖွယ် ကောင်းလွန်း၍ ဒန်တန်တစ်ယောက် စာဖတ်ရင်းနှင့်ပင် မိုးလင်းသွား တော့၏။

နောက်တစ်နေ့မှာ ကား တနင်္ဂနွေနေ့ ဖြစ်သည် ။ ဒန်တန်နှင့် သူ့ အဒေါ်သည် ဘုရားကျောင်းမှ ပြန် လာပြီးနောက် ဧည့်ခန်းတွင် ထိုင်နေ ကြ၏။

"ငါမှာ လိုက်တဲ့ ခန်းဆီးတွေကို မေ့အောင်လုပ်တာ ဒီစာအုပ် အ ဟောင်းလားကွဲ့"

ဒန်တန်၏ အဒေါ်က စာအုပ်ကို ကောက်ကိုင်ရင်း မေးလိုက်သည် ။

"ကြည့်ရတာ သိပ်လည်းကောင်းမဲ့ပုံ မပေါ်ပါဘူးကွယ် မင်းမို့ ဒါမျိုး ဝယ်လာရတယ်လို့ အံမယ် မစ္စတာပွိုင်းနားရဲ့ ဒိုင်ယာရီ ဆိုပါကလားကွဲ့ "

သို့သော် စာအုပ်ကိုလှန်ကာ စာမျက်နှာ အနည်းငယ် ဖတ်ရှုလိုက်ရုံ နှင့် သူမ၏ ပါးစပ်ဖျားမှ အာမေဍိတ်သံ တချို့ ထွက်ပေါ်လာ၏။ သူမ၏ ပုံစံမှာ လည်း စာအုပ်ကို စိတ်ဝင်စားဟန် ပေါ်လာသည် ။

"ဒါကို ကြည့်စမ်းပါဦးကွဲ့ ဂျိမ်းစ် ချစ်စရာ မကောင်းဘူးလား"

သူမ ပြလိုက်သော အရာမှာ စာရွက်အပိုင်းအစလေး တစ်ခုဖြစ်သည် ။ ၎င်းကို ဒိုင်ယာရီ၏ စာရွက်များ အနက် တစ်ရွက်တွင် ပင်အပ်ဖြင့် ချိတ်တွယ်ထားခြင်း ဖြစ်သည် ။ ၎င်းပေါ်တွင် ရေးဆွဲထားသော မျဉ်းကွေးများ သည် တစ်မျိုးတစ်ဖုံ လှပနေပြီး မျက်စိကို ဖမ်းစားနိုင်ကြောင်း ဒန်တန်က တွေ့ရှိလိုက်၏။ ထိုအခါ သူက အကြံပြုလိုက်သည် ။

"အိုး သိပ်ကောင်းတာပဲ ဒါကို ဒေါ်ဒေါ် သဘောကျတယ်ဆိုရင် ခန်းဆီးတွေပေါ်မှာ ဒီပုံစံတွေ ထည့်ခိုင်း လိုက်ပါလားဗျ"

အမှန်တော့ သူက အဒေါ်လုပ်သူ စိတ်ပြေရာပြေကြောင်း ပြောလိုက်ခြင်းသာ ဖြစ်သည် ။ သို့သော် သူမက တကယ်ပင် သဘောတူ လိုက်လေရာ ဒန်တန်တစ်ယောက် အနီးဆုံးမြို့ရှိ အလုပ်ရုံတစ်ခုသို့ သွားပြီး စာရွက်ပေါ်တွင် ရေးဆွဲထားသည့် ပုံစံအတိုင်း နမူနာပုံစံများ ရေးဆွဲရန် တာဝန်ရှိသူများ နှင့် ညှိနှိုင်းရတော့သည် ။ တစ်လခန့် အကြာတွင် ဒန်တန်ခမျာ ထိုနေရာသို့ ပြန်သွားရပြန်၏။ ရေးဆွဲထားသော ပုံစံများကို ကြည့်ရင်း သူ အတော်ပင် ဝမ်းသာသွားသည် ။ သူက မေးလိုက်၏။

"ဆွဲရတာ တော်တော်ပဲ ခက်သလားဗျ"

"သိပ်တော့ မခက်ပါဘူး ဆရာ ဒါပေမဲ့ အမှန်အတိုင်း ပြောရမယ်ဆိုရင် ဒီပုံတွေကို ရေးဆွဲတဲ့ ပန်းချီဆရာခမျာ အတော်လေး စိတ်မသက်မသာ ဖြစ်နေတယ် သူက ပြောတယ် ဆရာရဲ့ ဒီပုံတွေထဲမှာ မကောင်းတဲ့ တစ်စုံတစ်ရာ ရှိနေသတဲ့ "

ဒန်တန် ခေတ္တမျှ တွေဝေသွားသည် ။ သို့သော် သူသည် ခန်းဆီး အရောင်များကို စိတ်ကြိုက် ရွေးချယ်ပြီးနောက် အိမ်သို့ ပြန်လာခဲ့၏။ ရက်သတ္တပတ် အနည်းငယ်ခန့် အကြာ လူတစ်ယောက် ထိုခန်းဆီးများကို ယူ လာပြီး ဒန်တန်တို့ အိမ်သစ်၏ နေရာအတော် များများ တွင် တပ်ဆင်ပေးသွား၏။ ထိုအထဲမှ တစ်ခုမှာ ဒန်တန်၏ အိပ်ခန်း အတွင်းတွင် ဖြစ်သည် ။ ထိုနေ့ညတွင် ဒန်တန်သည် ထိုခန်းဆီးများကို မကြည့်ဘဲ မနေနိုင်အောင် ဖြစ်နေ၏။ ညအခါပင် ဖြစ်သော်လည်း ခန်းဆီးများ လှုပ်ယမ်းနေသည် မှာ သေချာနေခဲ့သလို တစ်စုံတစ်ယောက်က သူ့နောက်ကျောကို စိုက်ကြည့်နေ သကဲ့သို့ ဒန်တန် ခံစားနေရ၏။

ထိုအခါ ဒန်တန်က အောက်ပါအတိုင်း တွေးတောကာ သူ့ကိုယ်သူ နှစ်သိမ့်လိုက်၏။

အို ... ဘယ်လိုမှ မဖြစ်နိုင်တာကြီးကို ငါ့နှယ် ရူးမိုက်လိုက်တာ ... ကြည့်ရတာ ခန်းဆီးပေါ်မှာ ဆွဲထားတဲ့ မျဉ်းကွေးတွေရဲ့ ဒီဇိုင်းကြောင့် ဖြစ်လိမ့်မယ် မျက်လုံးကို လှည့်စားလိုက်တဲ့ သဘောပေါ့လေ ဒါမျိုးတွေက ဖြစ်တတ်သားပဲ ... ဒါနဲ့ ဒီမျဉ်းကြောင်းတွေကို ကြည့်ရတာ လူတစ်ယောက်ယောက်ရဲ့ ရှည်လျား ကွေးကောက်နေတဲ့ ဆံပင်နက်တွေနဲ့ တော့ အတော်လေး တူနေသားပဲ ...

နောက်တစ်နေ့တွင် ကား ဒန်တန်၏ သူငယ်ချင်းတစ်ယောက် အိမ်အလည်လာ၏။ စကားပြောကြ၊ ရယ်ကြမောကြနှင့် အတော်ပင် ညနက်သွားလေရာ နောက်ဆုံးတွင် သူတို့ နှစ်ယောက်က အိပ်ရာဝင်ရန် ဆုံးဖြတ်လိုက်ကြသည် ။ ထိုအခါ ဒန်တန်သည် သူငယ်ချင်း ဖြစ်သူအား သူ့အခန်းနှင့် ကပ်လျက်အခန်းတွင် နေရာချပေးပြီး သူကိုယ်တိုင်လည်း အိပ်ရာ ဝင်ခဲ့တော့သည် ။

အခန်းထဲ ရောက်သော်လည်း ဒန်တန်သည် ချက်ချင်း မအိပ်ချင်သေးလေရာ ကုလားထိုင်ပေါ်တွင် ထိုင်ရင်း စာဖတ်၏။ အတန်ကြာမှ သူသည် မေးခနဲ အိပ်ပျော်သွားတော့သည် ။ မိနစ် အနည်းငယ်ခန့်သာ အိပ်ပျော်သွားပြီး သူ ဖျတ်ခနဲ လန့်နိုးလာ၏။ ထိုအခိုက်မှာ ပင် သူနှင့်အတူ တစ်စုံတစ်ရာ ရှိနေကြောင်း ဒန်တန် သိရှိလိုက်သည် ။ သူက လက်နှင့် ဖျတ်ခနဲ စမ်းသပ် လိုက်လေရာ အမွေးတချို့ကို စမ်းသပ်မိ၍ နေရာတကာ သူ့နောက်သို့ တကောက်ကောက် လိုက်နေတတ်သော သူ့ခွေးကလေးပင် ဖြစ်ရမည်ဟု တွေးလိုက်မိ၏။ ထိုအခါ ဒန်တန်က အောက်ကို ငုံ့ကြည့်ရင်း ပြောလိုက်သည် ။

"ဟေ့ ကောင်လေး မင်းက ဘယ်လိုလုပ် ဒီ ရောက်နေတာတုန်းကွ ခုနကတည်းက မင်းကို အောက်ထပ်မှာ ထားခဲ့ပြီလို့ ငါ ထင်နေတာ"

သို့သော် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒန်တန်တစ်ယောက် မျက်လုံးပြူးကာ အသက်ရှူ ရပ်မတတ် ထိတ်လန့်သွားတော့သည် ။ ထိုအရာမှာ ခွေးမဟုတ်ချေ။ လူနှင့်တူသော တစ်စုံတစ်ရာ ဖြစ်သည် ။ ဒန်တန် ငယ်သံပါအောင် အော်ဟစ်ကာ ထိုင်ခုံပေါ်မှ ထခုန်လိုက်၏။ ထိုအရာ၏ မျက်နှာဟု ယူဆရသော နေရာတွင် မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ဟူ၍ မရှိဘဲ ဆံပင်များ ဖြင့်သာ ဖုံးလွှမ်းနေ၏။ ထိုအရာသည် ဒန်တန်ဆီသို့ တဖြည်းဖြည်း ရွေ့လျားလာခဲ့ပေပြီ။

ဒန်တန်သည် ဒုတိယ အကြိမ်မြောက် ငယ်သံပါအောင် အော်ဟစ်ပြီး တံခါးဆီသို့ ကမူးရှူးထိုးနှင့် ထပြေးတော့သည် ။ သို့သော် လိပ်ပြာလွင့်မတတ် ကြောက်လန့်နေလေရာ သူ့ခမျာ တံခါးကိုပင် တွန်းဖွင့်နိုင်စွမ်း မရှိရှာတော့။ ထိုအရာသည် သူ့ကျောပြင်ကို ပွတ်သပ်ပြီး သူ့အင်္ကျီပေါ်တွင် မျက်ရည်ကျနေ သကဲ့သို့ ဒန်တန် ခံစားနေရ၏။ နောက်ဆုံးတွင်

တံခါးသည် ဝုန်းခနဲပွင့်သွားပြီး သူငယ်ချင်းဖြစ်သူ၏ အခန်းသို့ ဒန်တန် တစ်ယောက် မောကြီးပန်းကြီးနှင့် ရောက်ရှိသွား၏။ သူသည် မျက်ဖြူ ဆိုက်မတတ် ရှိနေပြီး အသက်ကိုပင် မနည်းရှူနေရ ရှာသည် ။

နောက်တစ်ရက် မိုးလင်းသည် နှင့် ဒန်တန်သည် အိမ်က ထွက်လာခဲ့ တော့သည် ။ သူ့အနေနှင့် ကြောက်မက်ဖွယ် အတွေ့အကြုံကို မေ့ ပျောက်နိုင်စေရန် ရက်အနည်းငယ်ခန့် အနားယူရန် လိုအပ်နေ၏။ အ နားယူမည့် နေရာကို ပင်လယ်ကမ်းခြေ အဖြစ် ဒန်တန် ရွေးချယ်လိုက် သည် ။ သူနှင့်အတူ "ပွိုင်းနား ဒိုင်ယာရီ"ကိုပါ တစ်ပါတည်း ယူလာခဲ့၏။ ဒိုင်ယာရီ အတွင်းဝယ် သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်နှင့် ပတ်သက် ၍ သဲလွန်စ တစ်စုံတစ်ရာ ရှိနိုင်သည် ဟု သူယူဆထားသည် မဟုတ်ပါ လား။ ထို့နောက် သူက စာအုပ်ကို လှည့်ပတ်ကြည့်ရှု လိုက်ရာ စာရွက် အတော်များများ သည် ထိပ်တွင် ပူးကပ်နေကြောင်း တွေ့ရှိလိုက်ရသည် ။ ပထမစာရွက် နှစ်ရွက်ကို ဂရုတစိုက်နှင့် ဆွဲခွာလိုက်ရာ ၁၇ပ၇ခုနှစ်တွ င် မစ္စတာပွိုင်းနားက အောက်ပါအတိုင်း ရေးသား ထားခဲ့ကြောင်း ဖတ် ရှုလိုက်ရသည် ။

"ဤယနေ့တွင် တက္ကသိုလ်ကျောင်းသား တစ်ဦးဖြစ်သော ဆာအဲဗရ က်ချားလက် သေဆုံးသွားကြောင်း အဘိုးကြီး မစ္စတာ ကက်စ်ဘူရီက ကျွန်ုပ်အား ပြောကြားလာခဲ့၏။ အနှီလူငယ်သည် အရက်ကို အလွန်အကျွံ သောက်သုံးသည့်အပြင် တက္ကသိုလ် စည်းကမ်းကို အကြိမ် ပေါင်းများ စွာ ဖောက်ဖျက် ကျူးလွန်ခဲ့သော်လည်း ဩဇာအာဏာ ကြီး မားသော မိသားစုမှ လာသူဖြစ်၍ တက္ကသိုလ် အာဏာပိုင်အဖွဲ့ အနေနှင့် ၎င်းကို လက်ပိုက်ကြည့် နေရုံသာ တတ်နိုင်ခဲ့လေသည် ။ ၎င်းသည် ဆံပ င်ကို ကျောတိုင်အောင် ရှည်လျားစွာ ကွေးကောက်ထားပြီး ကြောင်ကြောင်ကျားကျား အဝတ်အစားများကို ဝတ်ဆင်တတ်သူ ဖြစ်၏

။ ၎င်း၏ အပြုအမူကြောင့် ဖခင်ဖြစ်သူမှာ အကြီးအကျယ် စိတ်ဆင်းရဲနေလေ့ ရှိသည် ။ တစ်နေ့တွင် တော့ ဆာအဲဗရက်ချားလက် တစ်ယောက် အခန်းထဲတွင် သေဆုံးနေသည် ကို သူတို့ အားလုံး တွေ့ရှိလိုက်ရသည် ။ သူ့ဆံပင်များမှာ လည်း ဦးခေါင်းခွံမှ နေ၍ ဆွဲခွာခံထားရ၏။ သူ မည်သို့မည်ပုံ သေဆုံးသွားသည် ကို တစ်ဦးတစ်ယောက်မျှ ရှင်းပြနိုင်စွမ်း မရှိခဲ့ချေ။ ပို၍ ထူးဆန်းသည် မှာ နောက်တစ်နေ့ မနက်တွင် သူ့အလောင်းသည် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည် ။ သူ၏ ရှည်လျား ကွေးကောက်နေသော ဆံပင်ရှည်များ သာ အခန်း၏ ကြမ်းပြင်ပေါ်တွင် ကျန်ရစ်ခဲ့ရာ၏။ သူ့ဖခင်သည် ထိုဆံပင်များ ထဲမှ တချို့ကို သိမ်းဆည်းထားပြီး ပန်းချီပုံတချို့ ရေးဆွဲခဲ့၏။ ဆာအဲဗရက်၏ အဖြစ်ဆိုးကို သတိရစေခြင်းငှာ ထိုပန်းချီပုံများ ထဲမှ အပိုင်းအစ တစ်ခုကို ကျွန်ုပ် ကလည်း ဤစာမျက်နှာပေါ်တွင် ပင်အပ်ဖြင့် ချိတ်တွယ်ထား လိုက်တော့သည် "

ခန်းဆီးများ ၏ နောက်ကွယ်မှ ပုံပြင်သည် ဤနေရာမှာ ပင် အဆုံးသတ်သွား၏။

ထိုအခါ ဒန်တန်က အိမ်သစ်တွင် တပ်ဆင်ထားသည့် ခန်းဆီးများ အားလုံးကို မီးရှို့ဖျက်ဆီးပြီး မြေမြှုပ်ရန် အစေခံများအား အမိန့်ပေးလိုက်သည် ။ ကိစ္စဝိစ္စများ အားလုံး ဆောင်ရွက် ပြီးစီးပြီဟု သေချာသိရတော့မှ သူ အိမ်ပြန်လာခဲ့၏။

M.R.James's Curtains

***